ထိုင်းနိုင်ငံ ကိုယ်ရေးအချက်အလက် ကာကွယ်ရေးအက်ဥပဒေနှင့် ပတ်သက်သော သတင်းအမှား (၄) ချက်

Personal Data Protection Act (PDPA) ၁/၆/၂၀၂၂ နေ့မှစ၍အကျိုးဝင်သည်

01

မေး – ကာယံကံရှင် ခွင့်ပြုချက်မရဘဲ မိမိရိုက်ကူးထားသည့်ဓါတ်ပုံ–ဗီဒီယိုတွင် သူတပါးရုပ်ပုံပါရှိနေလျှင် PDPA ဥပဒေနှင့် ငြိစွန်းပါသလား?

ဖြေ – ရည်ရွယ်ချက်မရှိဘဲ မိမိရိုက်းကူးထားသည့် ဓါတ်ပုံ–ဗီဒီယိုတွင် သူတပါးရုပ်ပုံပါရှိနေလျှင် ရုပ်ပုံပါရှိသူကို နစ်နာမှု မဖြစ်စေဘဲ ရိုက်းကူးသူတစ်ဦးတည်းတာ အသုံးပြုရန် ရည်ရွယ်၍ ရိုက်ကူးခြင်းဖြစ်လျှင် PDPA ဥပဒေနှင့် ငြိစွန်းခြင်းမရှိပါ။

02

မေး – ကာယံကံရှင် ခွင့်ပြုချက်မရဘဲ မိမိရိုက်ကူးထားသည့်ဓါတ်ပုံ–ဗီဒီယိုကို လူမှုကွန်ယက် မီဒီယာပေါ် ပို့စ်တင်ခြင်းသည် PDPA ဥပဒေနှင့်ငြိစွန်းပါသလား?

ဖြေ – တစ်ဦးတည်းတာသုံးစွဲသည့် ရည်ရွယ်ချက်အဖြစ် ပို့စ်တင်ခြင်း ၊ မိမိကိုယ်ကျိုးအတွက် စီးပွားအဖြစ်အသုံးမပြုခြင်း ၊ ထိုသူအား နစ်နာမှုမဖြစ်စေခြင်းသည် PDPA ဥပဒေနှင့် ငြိစွန်းခြင်းမရှိပါ။

03

မေး – မိမိ၏အိမ်တွင်း၌ လုံခြုံရေးကင်မရာ (CCTV) တပ်ဆင်ထားပြီး အသိပေးဆိုင်းဘုတ် မတပ်ဆင်ထားလျှင် PDPA ဥပဒေနှင့်ငြိစွန်းပါသလား?

ဖြေ – ရာဇဝတ်မှုကာကွယ်ရန်နှင့် အိမ်ရှင်လုံခြုံရေးအတွက်ရည်ရွယ်၍ အိမ်တွင်းလုံခြုံရေးကင်မရာတပ်ဆင်ထားခြင်းသည် PDPA ဥပဒေနှင့် ငြိစွန်းခြင်းမရှိပါ။



04

မေး – အောက်ပါဖော်ပြသည့် ကိုယ်ရေးကိုယ်တာအချက်အလက်များသည် ကာယံကံရှင် / ပိုင်ရှင်ထံ ခွင့်ပြုချက်တောင်းခံရန် လိုအပ်ပါသလား ?

ဖြေ – အောက်ပါအချက်အလက်များအတွက် ခွင့်ပြုချက်တောင်းခံရန်မလိုပါ။

၁) စာချုပ်နှင့်အညီလုပ်ဆောင်ခြင်း ၊ ဥပဒေခွင့်ပြုချက်အရ အသုံးပြုခြင်း
၂) လူ့အသက်နှင့်မိမိကိုယ်ကို ထိန်းသိမ်းကာကွယ်ရန် အသုံးပြုခြင်း
၃) စာရင်းအင်းဆိုင်ရာ သုတေသနအတွက် အသုံးပြုခြင်း ၊ အများပြည်သူအကျိုးအတွက် အသုံးပြုခြင်း
၄) မိမိကိုယ်ကျိုးစီးပွားအတွက် ကာကွယ်အသုံးပြုခြင်း သို့မဟုတ် မိမိအခွင့်အရေးအတွက် ကာကွယ်အသုံးပြုခြင်း